# မန္တလေးတိုင်းဒေသကြီး

# ရုပ်ရှင်ရုံနှင့်ဗီဒီယိုရုံ နည်းဥပဒေ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ | - |
| ၂ | အခန်း(၂) ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၁ | ၂ |
| ၃ | အခန်း(၃) လိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်းနှင့် ငြင်းပယ်ခြင်း | ၂ | ၃ |
| ၄ | အခန်း(၄) လိုင်စင်သက်တမ်း၊ လိုင်စင်ခ၊ ရက်လွန်ကြေး၊ ဒဏ်ကြေးနှင့် သက်တမ်းတိုးမြှင့်ခသတ်မှတ်ခြင်း | ၃ | ၄ |
| ၅ | အခန်း(၅) လိုင်စင်ရရှိသူ၏ တာဝန်ဝတ္တရားများ | ၅ | - |
| ၆ | အခန်း(၆) အယူခံခြင်း | ၅ | ၆ |
| ၇ | အခန်း(၇) ဘဏ္ဍာရေး | ၆ | - |
| ၈ | အခန်း(၈) အထွေထွေ | ၆ | - |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၁၅**

**(၁၃၇၇ ခုနှစ်၊ ကဆုန်လဆုတ် ၉ ရက်)**

**(၂၀၁၅ ခုနှစ်၊ မေလ ၁၁ ရက်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ ဥပဒေ ပုဒ်မ ၄၀၊ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေကို **ရုပ်ရှင်ရုံနှင့်ဗီဒီယိုရုံ နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် မန္တလေးတိုင်းဒေသကြီး ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး ရုပ်ရှင်ရုံနှင့်ဗီဒီယိုရုံ ဥပဒေကိုဆိုသည်။

(ခ) **ပုံစံ**ဆိုသည်မှာ ဤနည်းဥပဒေများတွင် ပူးတွဲပါရှိသည့် ပုံစံကို ဆိုသည်။

**အခန်း(၂)**

**ကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၃။ ကော်မတီ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် မူဝါဒများချမှတ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း။

(ခ) လိုင်စင်လျှောက်ထားရာတွင် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ/မရှိ စိစစ်ခြင်း။

(ဂ) သတ်မှတ်ချက်များနှင့်ညီညွတ်ပါက လိုင်စင်ထုတ်ပေးခြင်းနှင့် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိပါက ငြင်းပယ်ခြင်း။

(ဃ) လိုင်စင်ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်ပေးခြင်း၊

(င) လိုင်စင်သက်တမ်း၊ လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခနှင့် ရက်လွန်ကြေးတို့အား သတ်မှတ်ပေးခြင်း။

(စ) အစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

၄။ ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လိုင်စင်ထုတ်ပေးရန်အတွက် တင်ပြရန်လိုအပ်သော အထောက်အထားအချက်အလက်များကို သတ်မှတ်ပေးခြင်း၊

(ခ) လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) ပြင်ပကျွမ်းကျင်ပညာရှင်များထံမှ အကြံဉာဏ်များရယူနိုင်ခြင်း၊

(ဃ) ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံပြုလုပ်မည့်နေရာသည် ပတ်ဝန်းကျင် အခြေအနေနှင့် သင့်လျော်မှု ရှိ/မရှိ ထည့်သွင်းစဉ်းစားခြင်း။

၅။ ကော်မတီသည် လိုင်စင်သက်တမ်းကို လိုအပ်သလို သတ်မှတ်နိုင်သည့်အပြင် လိုင်စင်လျှောက်ထားခြင်း၊ လိုင်စင်သက်တမ်းကုန်ဆုံး၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားလာခြင်းစသည့်ကိစ္စများအပေါ်တွင် စိစစ်သုံးသပ်ပြီး အောက်ပါအမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည်-

(က) လိုင်စင်ထုတ်ပေးခြင်း၊ လိုင်စင်သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ခ) လျှောက်ထားသူထံမှ ထပ်မံတောင်းခံထားသည့် အချက်အလက်အထောက်အထားများ ရရှိသည်အထိ လျှောက်လွှာကို ဆိုင်းငံ့ထားခြင်း၊

(ဂ) အခြားသင့်သည်ဟု ထင်မြင်ယူဆသော အမိန့်တစ်ရပ်ရပ်ချမှတ်ခြင်း။

၆။ ကော်မတီသည် ရုပ်ရှင်ရုံ၊ ဗီဒီယိုရုံ လုပ်ငန်းများနှင့်စပ်လျဉ်းပြီး ဤနည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ကြီးကြပ်ရေးကော်မတီများနှင့် လုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်စေရန် စီမံဆောင်ရွက်ရမည်။

၇။ ကော်မတီသည် ရုပ်ရှင်ရုံ၊ ဗီဒီယိုရုံလုပ်ငန်းများနှင့်စပ်လျဉ်း၍ မိမိ၏လုပ်ငန်းဆောင်ရွက်ချက်များကို အစိုးရအဖွဲ့ထံ အခါအားလျော်စွာ တင်ပြအစီရင်ခံရမည်။

## အခန်း(၃)

## လိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်းနှင့် ငြင်းပယ်ခြင်း

၈။ ရုပ်ရှင်ရုံ၊ ဗီဒီယိုရုံလုပ်ငန်းတစ်ခုခုကို စီးပွားရေးအလို့ငှာ တည်ထောင်လုပ်ကိုင်လိုသူသည် လိုင်စင်ရရှိရန် ပုံစံ (၁) တွင် အချက်အလက်များကို ပြည့်စုံမှန်ကန်စွာဖော်ပြပြီး လိုအပ်သည့် အထောက်အထား၊ စာရွက်စာတမ်းများ ပူးတွဲ၍ ကော်မတီသို့ လျှောက်ထားရမည်။

၉။ ကော်မတီသည်-

(က) လိုင်စင်လျှောက်လွှာ ပုံစံ (၁) လက်ခံရရှိသည့်အခါ မှတ်ပုံတင်စာအုပ် ပုံစံ (၆) တွင် ရေးသွင်းပြီး အမှုတွဲဖွင့်ရမည်။

(ခ) လိုင်စင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ အမှုတွဲကို စိစစ်တင်ပြရန်အတွက် ကော်မတီဝင်(၃)ဦးပါဝင်သော အဖွဲ့ကိုဖြစ်စေ၊ ကော်မတီဝင်(၁)ဦးနှင့် အခြားသင့်လျော်သည့် နိုင်ငံသား (၂)ဦးပါဝင်သော အဖွဲ့ကိုဖြစ်စေ ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည်။

၁၀။ နည်းဥပဒေ ၉ (ခ)အရ တာဝန်ပေးအပ်ခြင်းခံရသော အဖွဲ့သည် လိုင်စင်လျှောက်ထားခြင်းဆိုင်ရာအမှုတွဲကို လက်ခံရရှိသောအခါ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) လိုင်စင်လျှောက်လွှာပါအချက်အလက်များ ပြည့်စုံမှန်ကန်စွာ ဖော်ပြထားခြင်း ရှိ/မရှိနှင့် ပူးတွဲတင်ပြရမည့် အထောက်အထား စာရွက်စာတမ်းများ ပြည့်စုံမှန်ကန်ခြင်း ရှိ/မရှိ တို့ကို စိစစ်ခြင်း။

(ခ) လိုအပ်ပါက လိုင်စင်လျှောက်လွှာပါ အချက်အလက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ လျှောက်ထားသူအား မေးမြန်းခြင်း။

(ဂ) လိုင်စင်ထုတ်ပေးရန် ခွင့်ပြုသင့်ကြောင်း သို့မဟုတ် ငြင်းပယ်သင့်ကြောင်း သဘောထားမှတ်ချက်ဖော်ပြလျက် အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုး၍ ကော်မတီထံသို့ တင်ပြခြင်း။

၁၁။ ကော်မတီသည်-

(က) လိုင်စင်လျှောက်ထားခြင်းဆိုင်ရာ အမှုတွဲပါအချက်အလက်များနှင့် အဖွဲ့၏သဘောထားမှတ်ချက်များကို ထပ်မံစိစစ်ပြီး သက်ဆိုင်ရာ လုပ်ငန်းအမျိုးအစားအလိုက် လိုင်စင်ထုတ်ပေးရန် ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း အဆုံးအဖြတ်ပေးရမည်၊

(ခ) နည်းဥပဒေခွဲ(က)အရ ဆုံးဖြတ်ချက်နှင့်အညီ လိုင်စင်ထုတ်ပေးရန် ခွင့်ပြုကြောင်းကို ပုံစံ(၂)ဖြင့်လည်းကောင်း၊ ငြင်းပယ်ကြောင်းကို ပုံစံ(၃)ဖြင့်လည်းကောင်း၊ သက်ဆိုင်ရာ လျှောက်ထားသူထံ အကြောင်းကြားရမည်၊

(ဂ) လိုင်စင်ခွင့်ပြုချက်ရရှိသူထံမှ လုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်ထားသော လိုင်စင်ခလက်ခံရရှိလျှင် သက်ဆိုင်ရာ လိုင်စင်ကို ပုံစံ(၄)ဖြင့် ထုတ်ပေးရမည်။

## အခန်း(၄)

## လိုင်စင်သက်တမ်း၊ လိုင်စင်ခ၊ ရက်လွန်ကြေး၊ ဒဏ်ကြေးနှင့် သက်တမ်းတိုးမြှင့်ခ သတ်မှတ်ခြင်း

၁၂။ လိုင်စင်သက်တမ်းသည် အဆိုပါလိုင်စင် ထုတ်ပေးသည့်နေ့မှစ၍ ၁နှစ် ဖြစ်သည်။

၁၃။ လိုင်စင်သက်တမ်း၊ လိုင်စင်ခ၊ သက်တမ်းတိုးမြှင့်ခနှင့် ရက်လွန်ကြေးတို့သည် ကော်မတီက

သတ်မှတ်သည့်အတိုင်းဖြစ်သည်။ ရက်လွန်ကြေးကောက်ခံရာတွင် လ၏ အစိတ်အပိုင်းကို တစ်လဟု သတ်မှတ်ရမည်။

၁၄။ လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်လိုလျှင် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ပုံစံ(၅)တွင် အချက်အလက်များကို ပြည့်စုံမှန်ကန်စွာ ဖော်ပြပြီး လိုအပ်သည့်အထောက်အထား စာရွက်စာတမ်းများပူးတွဲ၍ ကော်မတီသို့ လိုင်စင်သက်တမ်း မကုန်ဆုံးမီ ရက်ပေါင်း (၃၀) ကြိုတင်လျှောက်ထားရမည်။

၁၅။ ကော်မတီသည်-

(က) လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာပုံစံ(၅)လက်ခံရရှိသည့်အခါ မှတ်ပုံတင်စာအုပ်ပုံစံ(၆)တွင် မင်နီဖြင့် (သက်တမ်းတိုးမြှင့်)ဟု ဖော်ပြရေးသွင်းပြီး အမှုတွဲဖွင့်ရမည်။

(ခ) လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားခြင်းဆိုင်ရာ အမှုတွဲပါအချက်အလက်များ ပြည့်စုံမှန်ကန်စွာ ဖော်ပြထားခြင်း ရှိ/မရှိနှင့် ပူးတွဲတင်ပြရမည့် အထောက်အထား စာရွက်စာတမ်းများ ပြည့်စုံမှန်ကန်ခြင်း ရှိ/မရှိ စိစစ်ရန် စစ်ဆေးရေးအဖွဲ့ကို တာဝန် ပေးအပ်ရမည်။

၁၆။ ကော်မတီသည်-

(က) လိုင်စင်လျှောက်ထားခြင်းဆိုင်ရာ အမှုတွဲပါအချက်အလက်များနှင့် အဖွဲ့၏သဘောထားမှတ်ချက်များကို ထပ်မံစိစစ်ပြီး လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း အဆုံးအဖြတ်ပေးရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ ဆုံးဖြတ်ချက်နှင့်အညီ လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် ခွင့်ပြုကြောင်းကိုပုံစံ(၂)ဖြင့်လည်းကောင်း၊ ငြင်းပယ်ကြောင်းကိုပုံစံ(၃)ဖြင့်လည်းကောင်း၊ သက်ဆိုင်ရာလျှောက်ထားသူထံ အကြောင်းကြားရမည်။

(ဂ) လိုင်စင်သက်တမ်းတိုးမြှင့်ခွင့်ရရှိသူထံမှ သတ်မှတ်ထားသော သက်တမ်းတိုးမြှင့်ခ ရရှိလျှင် လိုင်စင်ကို ပုံစံ(၄)ဖြင့် ထုတ်ပေးရမည်။

၁၇။ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံလုပ်ငန်း လုပ်ကိုင်လိုသူသည် လိုင်စင်ရရှိပြီးမှသာ မိမိလုပ်ငန်းကို စတင်လုပ်ကိုင်ခွင့်ရှိသည်။

၁၈။ ကော်မတီသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုင်စင်သက်တမ်း လိုင်စင်ခ၊ ရက်လွန်ကြေး၊ ဒဏ်ကြေးနှင့် သက်တမ်းတိုးမြှင့်ခများကို သတ်မှတ် ကောက်ခံနိုင်သည်။

၁၉။ အစိုးရအဖွဲ့သည် လိုင်စင်သက်တမ်း၊ လိုင်စင်ခ၊ ရက်လွန်ကြေး၊ ဒဏ်ကြေးနှင့် သက်တမ်းတိုးမြှင့်ခ သတ်မှတ်ချက်များကို အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်နိုင်သည်။

## အခန်း(၅)

## လိုင်စင်ရရှိသူ၏ တာဝန်ဝတ္တရားများ

၂၀။ လိုင်စင်ရရှိသူသည်-

(က) ဤဥပဒေ၊ နည်းဥပဒေများ၊ ဥပဒေအရထုတ်ပြန်သော လုပ်ထုံး လုပ်နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) အခါအားလျော်စွာ ကော်မတီက သတ်မှတ်သည့် စည်းကမ်းများကို လိုက်နာရမည်။

၂၁။ အောက်ပါအချက်တစ်ရပ်ရပ်ပေါ်ပေါက်ပါက လိုင်စင် ပျက်ပြယ်သည်-

(က) လိုင်စင်သက်တမ်းကုန်ဆုံးခြင်း၊

(ခ) လိုင်စင်ရုပ်သိမ်းခံရခြင်း၊

(ဂ) လိုင်စင်ရရှိသူက လိုင်စင်ပြန်လည်အပ်နှံခြင်း၊

(ဃ) လိုင်စင်ရရှိသူက ပယ်ဖျက်ခွင့်တောင်းခံခြင်း၊

(င) လိုင်စင်ရရှိသူ သေဆုံးခြင်း၊

## အခန်း(၆)

## အယူခံခြင်း

၂၂။ ကော်မတီ၏အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် မိမိကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း အစိုးရအဖွဲ့သို့ အယူခံဝင်နိုင်သည်။

၂၃။ အယူခံလွှာကို သက်ဆိုင်ရာအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် မိတ္တူနှင့်အတူ အစိုးရအဖွဲ့သို့ တင်သွင်းရမည်။ စာတိုက်မှတစ်ဆင့် မှတ်ပုံတင်၍ ပေးပို့ခြင်းဖြစ်လျှင် ယင်းသို့မှတ်ပုံတင်သည့်နေ့ကို အယူခံတင်သွင်းသည့်နေ့အဖြစ် သတ်မှတ်ရမည်။

၂၄။ အစိုးရအဖွဲ့သည် အယူခံလွှာ လက်ခံရရှိသည့်အခါ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ကော်မတီ၏ အမိန့်ကိုဖြစ်စေ၊ ဆုံးဖြတ်ချက်ကိုဖြစ်စေ အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း။

(ခ) လိုအပ်ပါက ပြန်လည်စစ်ဆေးစေရန် ညွှန်ကြားခြင်း၊

(ဂ) ဆုံးဖြတ်ချက်ကို အယူခံသူထံစာဖြင့် အကြောင်းကြားခြင်း၊

၂၅။ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

၂၆။ အယူခံတွင် ကော်မတီ၏အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ပယ်ဖျက်သဖြင့် လိုင်စင်ပြန်လည်ရရှိသူသည် ကော်မတီသို့လိုင်စင်ထုတ်ပေးရန် လျှောက်ထားနိုင်သည်။

## အခန်း(၇)

## ဘဏ္ဍာရေး

၂၇။ ကော်မတီသည် ရငွေ၊ သုံးငွေဆိုင်ရာ ငွေစာရင်းများထားရှိခြင်းတို့ကို တည်ဆဲဘဏ္ဍာရေးစည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၂၈။ ကော်မတီ၏ ရငွေ၊ သုံးငွေဆိုင်ရာ ငွေစာရင်းများနှင့် ပစ္စည်းစာရင်းတို့ကို အစိုးရအဖွဲ့က တာဝန်ပေးအပ်ထားသည့် စာရင်းစစ်အဖွဲ့၏ စစ်ဆေးမှုကို ခံယူရမည်။

## အခန်း(၈)

## အထွေထွေ

၂၉။ ကော်မတီသည် ဤဥပဒေ၊ နည်းဥပဒေများအရ ဆောင်ရွက်ရန်ရှိသော လုပ်ငန်းတာဝန်များကို မိမိလက်အောက်ရှိ သက်ဆိုင်ရာရုံးဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား လွှဲအပ်ဆောင်ရွက် စေနိုင်သည်။

၃၀။ ကော်မတီသည် မိမိ၏လုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် အကူအညီများကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များထံမှ တောင်းယူနိုင်သည်။

**(ပုံ)ရဲမြင့်**

**ဝန်ကြီးချုပ်**

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

ပုံစံ(ရုပ်ရှင်ရုံနှင့်ဗီဒီယိုရုံ-၁)

**ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ လုပ်ငန်းလိုင်စင်လျှောက်လွှာ**

**(နည်းဥပဒေ ၈)**

သို့

ဥက္ကဋ္ဌ

ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ

မန္တလေးတိုင်းဒေသကြီး

မန္တလေးမြို့။

အကြောင်းအရာ။ **ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန် လုပ်ငန်းလိုင်စင် လျှောက်ထားခြင်း**

လေးစားစွာ လျှောက်ထားအပ်ပါသည်။

၁။ ကျွန်တော်/ကျွန်မ -----------သည်----------------------အမည်ဖြင့် ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ------------------လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုပါသဖြင့် လုပ်ငန်းလိုင်စင်ခွင့်ပြုရန် လျှောက်ထားအပ်ပါသည်။

၂။ လိုအပ်သောအချက်အလက်များကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

(က) လျှောက်ထားသူအမည် ---------------------------------------------

(ခ) မွေးသက္ကရာဇ် ---------------------------------------------

(ဂ) အမျိုးသားမှတ်ပုံတင်အမှတ် ---------------------------------------------

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ---------------------------------------------

(ဃ) အဖအမည် ---------------------------------------------

(င) အလုပ်အကိုင် ---------------------------------------------

(စ) နေရပ်လိပ်စာ ---------------------------------------------

---------------------------------------------

(ဆ) လုပ်ငန်းတည်နေရာ/လိပ်စာ ---------------------------------------------

---------------------------------------------

-----------------------------------မြို့/မြို့နယ်

(ဇ) လုပ်ငန်းအားမိမိတစ်ဦးတည်း ---------------------------------------------

လုပ်ကိုင်ခြင်း ဟုတ် မဟုတ်၊ ---------------------------------------------

မဟုတ်က ခွဲဝေပိုင်ဆိုင်သူ၏အမည်များ ------------------------------------------

**ထိုးမြဲလက်မှတ်**

**လျှောက်ထားသူအမည်**

မှတ်ချက်။ မသက်ဆိုင်သောစာသားများကို ပယ်ဖျက်ရန်။

**ပူးတွဲတင်ပြသည့်စာရွက်စာတမ်းများ**

(၁) တည်ဆောက်မည့်အဆောက်အအုံ၏ လက်ရှိအခြေအနေပြ ရှေ့၊ နောက်၊ ဝဲ၊ယာ ဓာတ်ပုံ (၄)ပုံ၊

(၂) တည်ဆောက်မည့်အဆောက်အအုံ အကွက်ချပုံစံနှင့် ဒီဇိုင်းပုံစံများ (ပုံတွဲများ)

(၃) သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်/ခရိုင်စီမံခန့်ခွဲမှုကော်မတီတို့၏ ထောက်ခံချက်များ။

(၄) အမျိုးသားမှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။

(၅) သက်ဆိုင်ရာရပ်ရှင်အစည်းအရုံး၊ ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ကော်မတီတို့၏ ထောက်ခံချက်များ။

(၆) အစိုးရအဖွဲ့နှင့် ကော်မတီက အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ပါမည်ဟူသော ဝန်ခံချက်။

ပုံစံ (ရုပ်ရှင်ရုံနှင့်ဗီဒီယိုရုံ-၂)

**ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ လုပ်ငန်းလိုင်စင်လျှောက်ထားခြင်းအကြောင်းကြားစာ**

**[နည်းဥပဒေ ၁၁ (ခ)]**

**ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ**

**မန္တလေးတိုင်းဒေသကြီး**

**--------------------မြို့**

သို့

--------------------

--------------------

--------------------

အကြောင်းအရာ။ **ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံလုပ်ငန်းလိုင်စင် ထုတ်ပေးရန်/ လိုင်စင်သက်တမ်းတိုးမြှင့် ပေးရန် ခွင့်ပြုကြောင်း အကြောင်းကြားခြင်း။**

၁။ ----------------အမည်ဖြင့် ရုပ်ရှင်ရုံနှင့်ဗီဒီယိုရုံ လုပ်ငန်းကို လုပ်ကိုင် ဆောင်ရွက်လိုပါသဖြင့် လုပ်ငန်းရှင်အဖြစ် လုပ်ငန်းလိုင်စင် လျှောက်ထားသည်ကို -------------နေ့တွင် ကျင်းပသည့် ဤကော်မတီ၏ ( )ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်( )အရ ရုပ်ရှင်ရုံနှင့်ဗီဒီယိုရုံ လုပ်ငန်းလိုင်စင်ထုတ်ပေးရန်/လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုပြီး ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ သတ်မှတ်ထားသော လိုင်စင်ကြေးကို အောက်ပါငွေစာရင်း ခေါင်းစဉ်သို့ ပေးသွင်းရန် အကြောင်းကြားပါသည်။

------------------------------------------------------------------------------------------------

------------------------------------------------------------------------------------------------

------

၃။ ဘဏ်မှထုတ်ပေးထားသော ငွေသွင်းပြေစာမူရင်းနှင့် မိတ္တူတစ်စောင်တို့ကို ဤကော်မတီရုံးသို့ ပေးပို့ရန် ဖြစ်ပါသည်။

ဥက္ကဋ္ဌ

မှတ်ချက်။ ။ မသက်ဆိုင်သော စာသားများကို ပယ်ဖျက်ရန်။

ပုံစံ(ရုပ်ရှင်ရုံနှင့်ဗီဒီယိုရုံ-၃)

**ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ လုပ်ငန်းလိုင်စင်လျှောက်ထားခြင်းအကြောင်းကြားစာ**

**[နည်းဥပဒေ ၁၁ (ခ)]**

**ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ**

**မန္တလေးတိုင်းဒေသကြီး**

**--------------------မြို့**

သို့

--------------------

--------------------

--------------------

အကြောင်းအရာ။ **ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံလုပ်ငန်းလိုင်စင် ထုတ်ပေးရန်/ လိုင်စင် သက်တမ်း တိုးမြှင့်ပေးရန် ငြင်းပယ်ကြောင်း အကြောင်းကြားခြင်း။**

၁။ ----------------အမည်ဖြင့် ရုပ်ရှင်ရုံနှင့်ဗီဒီယိုရုံ လုပ်ငန်းကို လုပ်ကိုင်ဆောင် ရွက်လိုပါသဖြင့် လုပ်ငန်းရှင်အဖြစ် လုပ်ငန်းလိုင်စင် လျှောက်ထားသည်ကို -----နေ့တွင် ကျင်းပသည့် ဤကော်မတီ၏ ( )ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက် ( )အရအောက်ဖော်ပြပါ အကြောင်းကြောင့် လုပ်ငန်းလိုင်စင် ထုတ်ပေးရန်/ လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် ငြင်းပယ်ကြောင်း အကြောင်းကြားပါသည်။

ငြင်းပယ်သည့်အကြောင်း

ဥက္ကဋ္ဌ

မှတ်ချက်။ ။မသက်ဆိုင်သော စာသားများကို ပယ်ဖျက်ရန်။

ပုံစံ(ရုပ်ရှင်ရုံနှင့်ဗီဒီယိုရုံ-၄)

**ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံလုပ်ငန်းလိုင်စင်**

**နည်းဥပဒေ ၁၁(ဂ)**

**ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ**

**မန္တလေးတိုင်းဒေသကြီး**

**--------------------မြို့**

ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံလုပ်ငန်းလိုင်စင်အမှတ်၊

ရက်စွဲ၊ ခုနှစ်၊ လ၊ ရက်

၁။ မန္တလေးတိုင်းဒေသကြီး၊------------မြို့နယ်------------နေ၊ ဦး/ဒေါ်-----------၊ မှတ်ပုံတင်အမှတ်/နိုင်ငံ သားစိစစ်ရေးကတ်ပြားအမှတ်------------------------အား-------------------အမည်ဖြင့် ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ လုပ်ငန်းလိုင်စင်ကို ထုတ်ပေးလိုက်သည်။

၂။ ဤရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံလုပ်ငန်းလိုင်စင်ရရှိသူသည် အစိုးရအဖွဲ့နှင့် ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီက သတ်မှတ်သည့် စည်းကမ်းချက်များကို လိုက်နာရမည်။

၃။ ဤရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ လုပ်ငန်းလိုင်စင်သည် -------ခုနှစ်၊----------လ၊ -----ရက်မှ --------ခုနှစ်၊------------လ၊-----ရက်နေ့အထိ အတည်ဖြစ်သည်။

( )

ဥက္ကဋ္ဌ

ရုပ်ရှင်ရုံနှင့်ဗီဒီယိုရုံလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ

မှတ်ချက်။ မသက်ဆိုင်သောစာများကို ပယ်ဖျက်ရန်။

## စည်းကမ်းချက်များ

ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံလုပ်ငန်းလိုင်စင်ရရှိသူသည် အောက်ပါတစ်ရပ်ရပ်တွင် အကျုံးဝင်သော ရုပ်ရှင်ကားနှင့် ဗီဒီယိုကားတို့ကို ပြသခြင်းမပြုရ -

(က) နိုင်ငံတော်ကိုဖြစ်စေ၊ နိုင်ငံတော်၏အဖွဲ့အစည်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ နိုင်ငံတော်၏ မူဝါဒကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပုတ်ခတ်သည့် အမူအရာစကားအသုံးအနှုန်း၊ ဝတ်စားဆင်ယင်မှု၊ သီဆိုတီးမှုတ်မှု ဇာတ်လမ်း၊ ဇာတ်ကွက်၊ ဟောပြောချက်၊ ရိုက်ကူးချက်။

(ခ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုသော်လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုကိုသော်လည်းကောင်း ထိခိုက်စေမည့် အမူအရာ၊ စကား အသုံးအနှုန်း၊ ဝတ်စားဆင်ယင်မှု၊ သီဆိုတီးမှုတ်မှု ဇာတ်လမ်းဇာတ်ကွက်၊ ဟောပြော ချက်၊ ရိုက်ကူးချက်။

(ဂ) ဘာသာရေး၊ သာသနာရေး၊ အမျိုးသားယဉ်ကျေးမှု၊ လူမျိုးရေးနှင့် စပ်လျဉ်း၍ စိတ်ဝမ်းကွဲပြားစေရန် လှုံ့ဆော်ပေးသော အမူအရာ၊ စကားအသုံးအနှုန်း၊ ဝတ်စား ဆင်ယင်မှု၊ သီဆိုတီးမှုတ်မှု၊ ဇာတ်လမ်း ဇာတ်ကွက်၊ ဟောပြောချက်၊ ရိုက်ကူးချက်။

(ဃ) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် စည်းကမ်းသေဝပ်တည်ငြိမ်ရေးကို ထိခိုက်စေ မည့် အမူအရာ၊ စကားအသုံးအနှုန်း၊ ဝတ်စားဆင်ယင်မှု၊ သီဆိုတီးမှုတ်မှု၊ ဇာတ်လမ်း ဇာတ်ကွက်၊ ဟောပြောချက်၊ ရိုက်ကူးချက်။

(င) ညစ်ညမ်းသော၊ ရက်စက်ကြမ်းကြုတ်သော၊ ပြစ်မှုကျူးလွန်ရန် လှုံ့ဆော်သော အမူအရာ၊ စကားအသုံးအနှုန်း၊ ဝတ်စားဆင်ယင်မှု၊ သီဆိုတီးမှုတ်မှု၊ ဇာတ်လမ်း ဇာတ်ကွက်၊ ဟောပြောချက်၊ ရိုက်ကူးချက်။

(စ) တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ကလေးသူငယ်များ ၏ စိတ်ဓာတ်ကြံ့ခိုင်မှုနှင့် စာရိတ္တကို ပျက်ပြားစေမည့် အမူအရာ၊ စကားအသုံးအနှုန်း၊ ဝတ်စားဆင်ယင်မှု၊ သီဆိုတီးမှုတ်မှု၊ ဇာတ်လမ်းဇာတ်ကွက်၊ ဟောပြောချက်၊ ရိုက်ကူးချက်။

(ဆ) တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပုဂ္ဂိုလ်တစ်ဦး၏ ဂုဏ်သိက္ခာကို ထိပါးစေမည့် အမူအရာ၊ စကားအသုံးအနှုန်း၊ ဝတ်စားဆင်ယင်မှု၊ သီဆိုတီးမှုတ်မှု၊ ဇာတ်လမ်းဇာတ်ကွက်၊ ဟောပြောချက်၊ ရိုက်ကူးချက်။

(ဓ) မြန်မာရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနမှ တရားဝင်ခွင့်ပြုထားသည့် ရုပ်ရှင်ဆင်ဆာလက်မှတ် မပါရှိသည့် ရုပ်ရှင်ကားများ၊ ဗီဒီယို ဆင်ဆာလက်မှတ်နှင့် ခွင့်ပြုအမှတ်စဉ်ပါရှိသော ဗီဒီယိုဆင်ဆာ လက်မှတ်အသေးမပါရှိသည့် ဗီဒီယိုတိပ်ခွေ၊ စီဒီချပ်များ ပြသခြင်း မပြုရ။

(ဈ) အခါအားလျော်စွာ ထုတ်ပြန်သော စည်းကမ်းချက်များ။

ပုံစံ(ရုပ်ရှင်ရုံနှင့်ဗီဒီယိုရုံ-၅)

**ရုပ်ရှင်ရုံနှင့်ဗီဒီယိုရုံလုပ်ငန်းလိုင်စင်သက်တမ်းတိုးမြင့်ပေးရန်လျှောက်လွှာ**

**(နည်းဥပဒေ ၁၄)**

သို့

ဥက္ကဋ္ဌ

ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ

မန္တလေးတိုင်းဒေသကြီး

မန္တလေးမြို့။

အကြောင်းအရာ။ **ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံလုပ်ငန်း လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် လျှောက်ထားခြင်း။**

လေးစားစွာ လျှောက်ထားအပ်ပါသည် -

၁။ ကျွန်တော်/ကျွန်မ -----------သည် မှတ်ပုံတင်အမှတ်/နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် -------------------အား ----------------အမည်ဖြင့် ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံလုပ်ငန်းလိုင်စင်အမှတ်-----------ထုတ်ပေးခဲ့ရာ -------------နေ့တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသည်။ ရုပ်ရှင်ရုံနှင့် ဗီဒီယိုရုံ လုပ်ငန်း လိုင်စင် သက်တမ်း တိုးမြှင့်ပေးပါရန် လျှောက်ထားအပ်ပါသည်။

၂။ လိုအပ်သောအချက်အလက်များကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

(က) လျှောက်ထားသူအမည် ---------------------------------------------

(ခ) မွေးသက္ကရာဇ် ---------------------------------------------

(ဂ) အမျိုးသားမှတ်ပုံတင်အမှတ်/ ---------------------------------------------

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ---------------------------------------------

(ဃ) အဖအမည် ---------------------------------------------

(င) အလုပ်အကိုင် ---------------------------------------------

(စ) နေရပ်လိပ်စာ ---------------------------------------------

---------------------------------------------

(ဆ) လုပ်ငန်းတည်နေရာ/လိပ်စာ ------------------------------------------------

-----------------------------------------------------

---------------------------------------မြို့/မြို့နယ်

(ဇ) လုပ်ငန်းအားမိမိတစ်ဦးတည်း---------------------------------------------------

လုပ်ကိုင်ခြင်း ဟုတ် မဟုတ်၊ ---------------------------------------------------

မဟုတ်က ခွဲဝေပိုင်ဆိုင်သူ၏အမည်များ ------------------------------------------

ထိုးမြဲလက်မှတ်

လျှောက်ထားသူအမည်

မှတ်ချက်။ မသက်ဆိုင်သောစာသားများကို ပယ်ဖျက်ရန်။

**ပူးတွဲတင်ပြသည့်စာရွက်စာတမ်းများ**

(၁) လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊

(၂) ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၏ လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်ပြုကြောင်း ထောက်ခံချက် မိတ္တူ၊

(၃) သက်ဆိုင်ရာမြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာန၏ ဝင်ငွေခွန် စည်းကြပ်မှုနှင့် ပတ်သက်သည့် ပြေစာ သို့မဟုတ် ထောက်ခံချက်မိတ္တူ၊

(၄) သက်ဆိုင်ရာရုပ်ရှင်အစည်းအရုံး၊ ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ကော်မတီတို့၏ ထောက်ခံချက်များ၊

(၅) အခြားလိုအပ်သောအထောက်အထားမိတ္တူ၊

ပုံစံ(ရုပ်ရှင်နှင့် ဗီဒီယိုရုံ-၆)

ရုပ်ရှင်နှင့် ဗီဒီယိုရုံ လုပ်ငန်းလိုင်စင်လျှောက်ထားခြင်းဆိုင်ရာ အမှုတွဲမှတ်ပုံတင်စာအုပ်

[နည်းဥပဒေ ၉ (က)၊ နည်းဥပဒေ ၁၅(က)]

| အမှတ်စဉ် | အမှုတွဲအမှတ် | လျှောက်ထားသူ၏ အမည်နှင့် အမျိုးသား မှတ်ပုံတင်အမှတ် | လျှောက်ထားသူ၏ နေရပ်လိပ်စာ | လျှောက်ထားသည့်နေ့ | လုပ်ငန်း | | | | | လုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ် မှတ်ပုံတင် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | အမည် | အမျိုးအစား | တည်ရာဒေသ | ဆုံးဖြတ်ချက် | နေ့စွဲ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | | | | | | | | | |
| | | | | | | | | | | | |
| | | | | | | | | | | | |
| | | | | | | | | | | | |
| | | | | | | | | | | | |
| | | | | | | | | | | | |
| | | | | | | | | | | | |
| | | | | | | | | | | | |
| | | | | | | | | | | | |
| | | | | | | | | | | | |
| | | | | | | | | | | | |
| | | | | | | | | | | | |